**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ ၁/၂၀၂၄**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်

အကြောင်းအရာ။ **မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး(ရန်ကုန်-ကော့သောင်း-ရနောင်း) နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade Method) အသစ်တစ်ခုအဖြစ် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး (ရန်ကုန် -ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်) ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှု ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်တင်ပို့ခြင်းကို ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် သွင်းကုန်တင်သွင်းခြင်းကို ရနောင်း-ကော့သောင်း-ရန်ကုန်မှ နယ်စပ်ကုန်သွယ်ရေးနည်းလမ်း(Border Trade Method)ဖြင့် ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးတွဲပါစံပြုလုပ်ငန်းစဉ် (SOPs)များအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade Method) ဖြင့် (ရန်ကုန်-ကော့သောင်း-ရနောင်း) နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်) သို့ ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်

**နိဒါန်း**

၁။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်မှုတွင် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေရသည့် အခြေအနေကို ကျော်လွှားနိုင်ရန်ရည်ရွယ်၍ ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် စံပြုလုပ်ငန်းစဉ်ကို ရေးဆွဲခြင်းဖြစ်ပါသည်။

**ကဏ္ဍအလိုက် ဆောင်ရွက်မှု**

၂။ စံပြုလုပ်ငန်းစဉ်တွင် ပို့ကုန်တင်ပို့ခြင်း၊ သွင်းကုန်တင်သွင်းခြင်းနှင့် အထွေထွေဟူ၍ အပိုင်း ၃ ပိုင်းဖြင့် အောက်ဖော်ပြပါ ဆက်စပ်ဌာနများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်နှင့် သင်္ဘောလိုင်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်-

(က) ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်သွင်းကုန်လိုင်စင်ခွင့်ပြုခြင်းကဏ္ဍ၊

( ခ ) အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ ကုန်ပစ္စည်းများ စိစစ်ခွင့်ပြုမှုကဏ္ဍ၊

( ဂ ) နယ်စပ်ကုန်သွယ်မှု စစ်ဆေးကြီးကြပ်ရေး (OSS) အဖွဲ့က ပို့ကုန်တင်ပို့ခြင်း၊ သွင်းကုန်တင်သွင်းခြင်းအတွက် စစ်ဆေးခြင်းကဏ္ဍ၊

(ဃ) မြန်မာဆိပ်ကမ်းအာဏာပိုင်က ဆိပ်ကမ်းဆိုင်ရာကဏ္ဍ၊

( င ) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက သင်္ဘောသားများစစ်ဆေးခြင်းဆိုင်ရာကဏ္ဍ၊

( စ ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်ရမည့်ကဏ္ဍ၊

(ဆ) သင်္ဘောလိုင်းများက လိုက်နာဆောင်ရွက်ရမည့်ကဏ္ဍ။

( ဇ ) ခွင့်ပြုဆိပ်ကမ်းမှ တာဝန်ယူလိုက်နာဆောင်ရွက်ရမည့်ကဏ္ဍ။

**ပို့ကုန်တင်ပို့ခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာနတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၃။ ပို့ကုန်သွင်းကုန်ကုမ္ပဏီသည် ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းမှတစ်ဆင့် အခြားတတိယနိုင်ငံ တစ်ခုခုသို့လည်းကောင်း ကုန်ပစ္စည်းတင်ပို့ခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာန၊ Myanmar Tradenet 2.0 စနစ်တွင် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ကုန်လိုင်စင်ကို တစ်ဖက်ဖော်ပြပါအချက်များဖြင့် လိုင်စင်လျှောက်ထားရမည်-

(က) ကုမ္ပဏီခေါင်းစီးတံဆိပ် (Letter Head) ပါလျှောက်လွှာ၊

( ခ ) ကုန်တန်ဖိုးစာရင်း (Invoice) နှင့် အရောင်းအဝယ်စာချုပ် (Sale Contract) ၊

( ဂ ) လိုင်စင်ပုံစံ အမှတ်စဉ် (၅) Mode of Transport တွင် Sea ဟုလည်းကောင်း၊ အမှတ်စဉ် (၆) Port of Export တွင် အကောက်ခွန်ဦးစီးဌာနက ခွင့်ပြုသတ်မှတ်ထားသည့် ဆိပ်ကမ်း ( ဥပမာ-ရန်ကုန် (မုတ္တမ/ ရွှေမဲ) ) ဟုလည်းကောင်း၊ အမှတ်စဉ် (၇) Port of Discharge တွင် Ranong ဟုလည်းကောင်းဖော်ပြခြင်း။

၄။ ကုန်သွယ်ရေးဦးစီးဌာနသည် ကုမ္ပဏီ၏ လျှောက်ထားချက်အပေါ် အောက်ဖော်ပြပါအချက်များကိုစိစစ်၍ ပို့ကုန်လိုင်စင်ခွင့်ပြုရမည်-

(က) တင်ပို့သည့် ကုန်ပစ္စည်းသည် Automatic Licensing စနစ်ဖြင့် ခွင့်ပြုသည့်ကုန်စည်ဖြစ်ပြီး အချက်အလက်များပြည့်စုံပါက စနစ်မှ အလိုအလျောက်ခွင့်ပြုခြင်း၊

(ကြာမြင့်ချိန်-ချက်ချင်း)

( ခ ) တင်ပို့သည့် ကုန်ပစ္စည်းသည် Non-Automatic Licensing စနစ်ဖြင့်ခွင့်ပြုသည့် ကုန်စည်ဖြစ်ပါက အောက်ဖော်ပြပါအချက်များကို စိစစ်ခွင့်ပြုရမည်- (ကြာမြင့်ချိန်- ၂ ရက်)

(၁) လိုင်စင်ပါအချက်အလက်များသည် Invoice သို့မဟုတ် Sale Contract ပါ အချက်အလက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ၊

(၂) လိုင်စင်ပါ ဈေးနှုန်းသည် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ဌာနများက ပေးပို့သည့် ရည်ညွှန်းဈေးနှုန်းနှင့် ကိုက်ညီမှု ရှိ မရှိ၊

(၃) သက်ဆိုင်ရာဌာနတစ်ခုခု၏ ထောက်ခံချက်လိုအပ်သော ကုန်စည်ဖြစ်ပါက ထောက်ခံချက်အား စိစစ်ခြင်း။

**ပို့ကုန်တင်ပို့ခြင်းအတွက် အကောက်ခွန်ဦးစီးဌာနတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၅။ ပို့ကုန်သွင်းကုန်ကုမ္ပဏီသည် အကောက်ခွန်ဦးစီးဌာနတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကုမ္ပဏီ/ ကုန်ပစ္စည်းပိုင်ရှင်/ ကုန်ပစ္စည်းကိုယ်စားလှယ်မှ (OSS) အကောက်ခွန်အဖွဲ့သို့ အောက်ဖော်ပြပါ စာရွက်စာတမ်းနှင့် အချက်အလက်များအား တင်ပြရမည်-

(၁) ပို့ကုန်လိုင်စင် (Export Licence)၊

(၂) ကုန်တန်ဖိုးစာရင်း (Invoice)၊

(၃) ကုန်ထုပ်ပိုးမှုစာရင်း (Packing List)၊

(၄) အရောင်းအဝယ်စာချုပ် (Sale Contract)၊

(၅) ကုန်ပစ္စည်းတင်ဆောင်ခွင့် (Shipping Bill) တောင်းခံခြင်း၊

(၆) ပို့ကုန်ကြေညာလွှာ (Export Declaration)၊

(၇) ပစ္စည်းအမျိုးအစားအလိုက် လိုအပ်သော သက်ဆိုင်ရာဌာနများ၏ထောက်ခံချက်များ၊

(၈) ငွေလွှဲစာရွက်စာတမ်းအထောက်အထား၊

(၉) အခြားပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ။

( ခ ) သက်ဆိုင်ရာဌာနများမှ ကုန်ပစ္စည်းများအတွက် တရားဝင်ထုတ်ပေးသော အထောက်အထားများဖြစ်ကြောင်း တာဝန်ခံရမည်။

( ဂ ) ကုန်ပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာန/အသင်းအဖွဲ့များက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ကုန်သေတ္တာများအား X-Ray စစ်ဆေးမှုခံယူရန်လိုအပ်ပါက သတ်မှတ်ထားသော X-Ray စက် တည်ရှိသည့်ဆိပ်ကမ်းများသို့ သွားရောက်စစ်ဆေးမှုခံယူရမည်။

၆။ သက်ဆိုင်ရာ မြို့နယ်အကောက်ခွန်ဦးစီးဌာန(OSS)(ရုံး)မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်- (ကြာမြင့်ချိန် - ၂ ရက်)

(က) ကုန်ပစ္စည်းပိုင်ရှင်/ကုန်ပစ္စည်းကိုယ်စားလှယ်က တင်ပြလာသော စာရွက်စာတမ်းများကို ကိုက်ညီမှန်ကန်မှုရှိ မရှိ စိစစ်ခြင်း၊

( ခ ) ကုန်တင်လွှာ (ယာဉ်ကုန်ပါစာရင်းချုပ်-Manifest) နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

( ဂ ) ပို့ကုန်ကြေညာလွှာ ဖွင့်လှစ်ခွင့်လျှောက်ထားလာပါက ပို့ကုန်လိုင်စင်နှင့်လိုအပ်သော အထောက်အထားစာရွက်စာတမ်းများအားစိစစ်၍ အခွန်စည်းကြပ်ခြင်း၊

(ဃ) ပို့ကုန်ပစ္စည်းများအား ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၇/၉၈ အရ အကောက်ခွန်ကောက်ခံခြင်းမရှိဘဲ ကြိုတင်ဝင်ငွေခွန် ၂% နှင့် ကြေညာသည့် ကုန်သေတ္တာအရေအတွက်ပေါ်မူတည်၍ Container Security Fees ကောက်ခံခြင်း၊

( င ) စာရွက်စာတမ်းများစစ်ဆေးပြီး၍ ကျသင့်အခွန်အခများ စည်းကြပ်ကောက်ခံပြီးသော ပို့ကုန်ကြေညာလွှာဖိုင်အား ချိတ်ပိတ်၍ ခွင့်ပြုထားသောဆိပ်ကမ်းရှိ စစ်ဆေးရေးအဖွဲ့သို့ လွှဲပြောင်းပေးပို့ခြင်း၊

( စ ) ကုန်တင်ရေယာဉ်သည် သက်ဆိုင်ရာဆိပ်ကမ်းမှ သင်္ဘောတင်ခွင့် (Allowed Shipment) ရရှိပြီးဖြစ်ပါက ကုန်သေတ္တာများသယ်ဆောင်၍ ထွက်ခွာနိုင်ရန် တာဝန်ခံအကောက်ခွန်အရာရှိမှအတည်ပြုထားသော ကုန်တင်လွှာ(ယာဉ်ကုန်ပါစာရင်းချုပ်-Manifest) နှင့်အတူ

လိုအပ်သော စာရွက်စာတမ်းများနှင့် ကုန်ပစ္စည်း ကိုယ်စားလှယ်မှတစ်ဆင့် ပူးတွဲတင်ပြလာပါက တိုက်ဆိုင်စိစစ်၍ ရေယာဉ်ထွက်ခွာခွင့်လက်မှတ် (Port Clearance Certificate) အား အတည်ပြုလက်မှတ်ရေးထိုးခြင်း။

**နယ်စပ်ကုန်သွယ်မှုစစ်ဆေးကြီးကြပ်ရေးအဖွဲ့ (OSS)က စစ်ဆေးခြင်း**

၇။ အကောက်ခွန်ဦးစီးဌာန ကိုယ်စားလှယ်က ခေါင်းဆောင်၍ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူးယစ်အထူးရဲတပ်ဖွဲ့၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အခြားလိုအပ်သော ဆက်စပ်ဌာနများကပါဝင်သော နယ်စပ်ကုန်သွယ်မှုစစ်ဆေးကြီးကြပ်ရေးအဖွဲ့ (OSS)က ပို့ကုန်တင်ပို့ခြင်းအတွက် စစ်ဆေးမှုများကို အောက်ဖော်ပြပါလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရမည်-

(က) တင်ပို့မည့်ပို့ကုန်ကုန်သေတ္တာများအား ပို့ကုန်ကြေညာလွှာနှင့်အတူ အပိုဒ် ၅၊ အပိုဒ်ခွဲ (က) ပါ စာရွက်စာတမ်း အထောက်အထားများနှင့် ကိုက်ညီမှန်ကန်မှု ရှိ မရှိ စစ်ဆေးရမည်၊

(ခ) ခွင့်ပြုထားသောဆိပ်ကမ်း၌ ကုန်ပစ္စည်းများအား ကုန်သေတ္တာအတွင်း ထည့်သွင်းခြင်း (Stuffing) လုပ်ငန်းဆောင်ရွက်ပါက ပူးပေါင်းစစ်ဆေးသည့်အဖွဲ့ဖြင့် စစ်ဆေးရမည်၊

(ဂ) စစ်ဆေးပြီးစီးသော ကုန်သေတ္တာအား Customs Export Metal Seal ခတ်နှိပ်ခြင်း၊ ED တွင် သင်္ဘောတင်ဆောင်ခြင်းအတွက် (Allowed Shipment) လက်မှတ်ရေးထိုး၍ တင်ဆောင်ခွင့်ပြုရမည်၊

(ဃ) ကုန်တင်လွှာ (ယာဉ်ကုန်ပါစာရင်းချုပ်-Manifest) ၌ စစ်ဆေးပြီးစီးကြောင်း တံဆိပ်တုံးရိုက်နှိပ်ပြီး စစ်ဆေးရေးအဖွဲ့တွင်ပါရှိသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များက လက်မှတ်ရေးထိုးရမည်၊

(င) ကုန်တင်လွှာ(ယာဉ်ပါကုန်စာရင်းချုပ်-Manifest)များအား စနစ်တကျမှတ်တမ်းတင် စာရင်းရေးသွင်းရမည်၊

(စ) စစ်ဆေးရာ၌ ကိုက်ညီမှန်ကန်မှုမရှိသော ကုန်ပစ္စည်းများအား အကောက်ခွန်ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရမည်၊

(ဆ) အကြောင်းအမျိုးမျိုးကြောင့် မတင်ပို့နိုင်သည့် ကိစ္စရပ်များ (ဥပမာ-Shipment Cancel ဖြစ်မှု၊ Short Shipped ဖြစ်မှုများ) ဖြစ်ပေါ်လာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

**ပို့ကုန်တင်ဆောင်မည့်သင်္ဘောလိုင်းများက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၈။ ကုန်ပစ္စည်းတင်ဆောင်မည့် သင်္ဘောလိုင်းများအနေဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကုန်သေတ္တာသယ်ဆောင်ရန် ခွင့်ပြုချက်ရရှိထားသည့် ရေယာဉ်များဖြင့်သာ သယ်ဆောင်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရပါမည်-

(က) ကုန်တင်ပို့သူမှ Booking နှင့် Shipping Instruction အား စိစစ်လက်ခံခြင်း၊

( ခ ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနသို့ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ကြောင်း Email ပေးပို့ခြင်း၊ (အဆိုပါ Email တွင် ဆိုက်ကပ်လိုသည့် နေ့ရက်နှင့်အချိန်၊ ခန့်မှန်းတင်ဆောင်မည့် ကုန်သေတ္တာ အရေအတွက်တို့အား ဖော်ပြရမည်။)

( ဂ ) သင်္ဘောနေရာချအစည်းအဝေးမှ သတ်မှတ်ပေးသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချကုန်သေတ္တာဆိပ်ကမ်းတံတားသို့ သတ်မှတ်နေ့ရက်နှင့် အချိန်တွင် ဆိုက်ကပ်နိုင်ရန်စီစဉ်ခြင်း၊

(ဃ) ကုန်သေတ္တာအား သက်ဆိုင်ရာဆိပ်ကမ်းရှိ အကောက်ခွန်တာဝန်ရှိသူများက စစ်ဆေး၍ Customs Export Metal Seal တံဆိပ်ခတ်နှိပ်ပြီးပါက သင်္ဘောလိုင်း၏ Seal တံဆိပ်ခတ်နှိပ်ခြင်း၊

( င ) သင်္ဘောပေါ်သို့ ကုန်တင်ဆောင်မှုဆောင်ရွက်ပြီးသည်နှင့် သင်္ဘောထွက်ခွာနိုင်ရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( စ ) Shipping Instruction နှင့် Mate Receipt တို့ကို အခြေခံ၍ ကုန်တင်တန်ဆာ (Bill of Lading) ကို ပြုစုကာ ကုန်တင်ပို့သူထံ ထုတ်ပေးခြင်းနှင့် သင်္ဘောကုန်ပါစာရင်း (Cargo Manifest) အားပြုစုခြင်း၊

(ဆ) သင်္ဘောထွက်ခွာပြီးချိန်တွင် ကော့သောင်းဆိပ်ကမ်းသို့ ခန့်မှန်းရောက်ရှိမည့် နေ့ရက်နှင့်အချိန်၊ တင်ဆောင်သည့် ကုန်သေတ္တာစာရင်းအား ကိုယ်စားလှယ် လုပ်ငန်းဌာနသို့ ပေးပို့ခြင်း၊

( ဇ ) ရနောင်းဆိပ်ကမ်းမှ အကောက်ခွန်တာဝန်ရှိသူများထံ သင်္ဘောကုန်ပါစာရင်း (Cargo Manifest) အား ပေးအပ်ခြင်းနှင့် သင်္ဘောဆိုက်ကပ်၍ ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရပါမည်-

(က) သင်္ဘောလိုင်းမှ ကိုယ်စားလှယ်ခန့်အပ်ကြောင်း အကြောင်းကြားသည့် Email အား လက်ခံရရှိပါက သင်္ဘောအတွက်လိုအပ်သည့် ဆိပ်ကမ်းအသုံးစရိတ်အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်ထားသည့် (Tariff and Dues) နှင့်အညီ ခန့်မှန်းတွက်ချက်တောင်းခံခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်း တစ်ခုခုတွင် ဆိုက်ကပ်နိုင်ရန် သင်္ဘောနေရာချ အစည်းအဝေးတွင်တင်ပြခြင်း၊

( ခ ) သင်္ဘောနေရာချအစည်းအဝေးမှ သင်္ဘောဆိုက်ကပ်မည့် ဆိပ်ကမ်းတံတားနှင့် ဆိုက်ကပ်မည့်နေ့ရက်နှင့် အချိန်တို့အား သတ်မှတ်ပြီးပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုဆိုင်ရာဆိပ်ကမ်း ကျန်းမာရေးဌာနများသို့ အကြောင်းကြားခြင်း၊ အကောက်ခွန်ဦးစီးဌာနသို့ ကုန်ပေါက်ဖွင့်ခွင့် (Break Bulk Order)၊ လုပ်ငန်းဆောင်ရွက်ခွင့် (General Working Order) ရရှိရေးနှင့် On board အကောက်ခွန် အရာရှိတာဝန်ချထားရေးတို့အတွက် လျှောက်ထားခြင်း၊

( ဂ ) သင်္ဘောကုန်တင်လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဃ) သင်္ဘောနှင့် သင်္ဘောသားများနှင့် သက်ဆိုင်သောစာရွက်စာတမ်းများအား သက်ဆိုင်ရာဌာနများတွင် အစစ်ဆေးခံနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

( င ) သင်္ဘောပေါ်သို့ ကုန်တင်ဆောင်မှု ဆောင်ရွက်ပြီးသည်နှင့် သင်္ဘောထွက်ခွာနိုင်ရေးအတွက် သက်ဆိုင်ရာသင်္ဘောလိုင်းနှင့်ညှိနှိုင်း၍ သင်္ဘောနေရာချ အစည်းအဝေးသို့ တင်ပြခြင်း၊

( စ ) သင်္ဘောနေရာချ အစည်းအဝေးမှာ သင်္ဘောထွက်ခွာမည့် နေ့ရက်နှင့်အချိန်အား သတ်မှတ်ပြီးပါက ကော့သောင်းဆိပ်ကမ်းမှတစ်ဆင့် ရနောင်းဆိပ်ကမ်းသို့ သင်္ဘော ထွက်ခွာခွင့်လက်မှတ်(Port Clearance Certificate)အား အကောက်ခွန်ဦးစီးဌာနတွင် လျှောက်ထားရယူ၍ သင်္ဘောထွက်ခွာချိန်တွင် ရေယာဉ်မှူးထံ ပေးအပ်ခြင်း။

(အထက်စာပိုဒ်ခွဲ (က)(ခ) နှင့် (ဃ) တို့အား သင်္ဘောမဆိုက်ကပ်မီ ကြိုတင် ဆောင်ရွက်နိုင်ပြီး ခန့်မှန်းကြာမြင့်ချိန် ၁ ရက်ဖြစ်ပါသည်။ စာပိုဒ်ခွဲ (င) နှင့် (စ) တို့အား ကုန်တင်ဆောင်နေစဉ် ဆောင်ရွက်ရမည်ဖြစ်ပြီး ခန့်မှန်းကြာမြင့်ချိန် ၁ ရက်ဖြစ်ပါသည်။

**ပို့ကုန်တင်ဆောင်မည့် သင်္ဘောလိုင်းများက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၁၀။ ပို့ကုန်တင်ဆောင်မည့် သင်္ဘောလိုင်း (ရေယာဉ်မှူး)သည် သင်္ဘောထွက်ခွာရန်အတွက် Clearance Certificate ပြုလုပ်ပေးနိုင်ရန် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

၁၁။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသည် သတ်မှတ်ထားသည့် ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာမည့် သင်္ဘောသို့ တက်ရောက်စစ်ဆေးရာတွင် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

(က) သတ်မှတ်ထားသည့် ထွက်ခွာချိန်ထက် ၂ နာရီခန့် ကြိုတင်၍ သင်္ဘောပေါ်သို့ ရောက်ရှိ စစ်ဆေးခြင်း၊

( ခ ) ကမ်းဆင်းခွင့်လက်မှတ်မသိမ်းဆည်းမီ ယင်းလက်မှတ်ပါဓာတ်ပုံနှင့် သင်္ဘောသားအား သေချာစွာ တိုက်ဆိုင်စစ်ဆေးခြင်း၊

( ဂ ) သင်္ဘောသားစာရင်းနှင့် ကမ်းဆင်းခွင့်လက်မှတ် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ကမ်းဆင်းခွင့်လက်မှတ်ရယူထားသော သင်္ဘောသားများထံမှ ကမ်းဆင်းခွင့် လက်မှတ်များသိမ်းဆည်းခြင်း၊

( င ) ထိုသို့စစ်ဆေးပြီး ရေယာဉ်မှူး (သို့မဟုတ်) ၎င်းတာဝန်လွှဲအပ်သူ အရာရှိအား (Departure Form နှင့်Declaration Form) များတွင် လိုအပ်ချက်များဖြည့်စွက်စေခြင်း၊

( စ ) ယင်းပုံစံများတွင် ဖော်ပြချက်များနှင့် သင်္ဘောသားစာရင်းပါအချက်များကို တိုက်ဆိုင် စစ်ဆေးပြီး ပြည့်စုံမှန်ကန်မှုရှိပါက ရေယာဉ်ထွက်ခွာခွင့်လက်မှတ် (Port Clearance Certificate) လက်မှတ်ရေးထိုးထုတ်ပေးခြင်း။

**သွင်းကုန်တင်သွင်းခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာနတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၁၂။ ပို့ကုန်သွင်းကုန်ကုမ္ပဏီသည် ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းမှလည်းကောင်း၊ အခြား တတိယနိုင်ငံ တစ်ခုခုမှသယ်ဆောင်လာသော ကုန်စည်ကို ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းမှတစ်ဆင့် လည်းကောင်း ကုန်ပစ္စည်းတင်သွင်းခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာန၊ Myanmar Tradenet 2.0 စနစ်တွင် နယ်စပ် ကုန်သွယ်ရေးနည်းလမ်းဖြင့် သွင်းကုန်လိုင်စင်ကို အောက်ဖော်ပြပါအချက်များဖြင့် လိုင်စင်လျှောက် ထားရမည်-

(က) ကုမ္ပဏီခေါင်းစီးတံဆိပ် (Letter Head) ပါလျှောက်လွှာ၊

( ခ ) ကုန်တန်ဖိုးစာရင်း (Invoice) နှင့် အရောင်းအဝယ်စာချုပ် (Sale Contract) ၊

( ဂ ) လိုင်စင်ပုံစံ အမှတ်စဉ် (၅) Mode of Transport တွင် Sea ဟုလည်းကောင်း၊ အမှတ်စဉ် (၆) Port of Discharge တွင် အကောက်ခွန်ဦးစီးဌာနက ခွင့်ပြုသတ်မှတ် ထားသည့် ဆိပ်ကမ်း (ဥပမာ ရန်ကုန်(မုတ္တမ/ ရွှေမဲ) ) ဟုလည်းကောင်းဖော်ပြခြင်း၊

၁၃။ ကုန်သွယ်ရေးဦးစီးဌာနသည် ကုမ္ပဏီ၏ လျှောက်ထားချက်အပေါ် အောက်ဖော်ပြပါအချက်များကို စိစစ်၍ သွင်းကုန်လိုင်စင် ခွင့်ပြုရမည်-

(က) တင်သွင်းသည့် ကုန်ပစ္စည်းသည် Automatic Licensing စနစ်ဖြင့် ခွင့်ပြုသည့်ကုန်စည်ဖြစ်ပါက အချက်အလက်များပြည့်စုံပါက စနစ်မှ အလိုအလျောက်ခွင့်ပြုခြင်း၊

(ကြာမြင့်ချိန် - ချက်ချင်း)

( ခ ) တင်သွင်းသည့် ကုန်ပစ္စည်းသည် Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုသည့် ကုန်စည်ဖြစ်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုကော်မတီ(EICC) က ခွင့်ပြုသည့် ကုန်စည်ဖြစ်ပါက တစ်ဖက်ဖော်ပြပါအချက်များကို စိစစ်ခွင့်ပြုရမည်-

(ကြာမြင့်ချိန်-လိုင်စင်အမှတ်စဉ် အဆင့်အလိုက် ခွင့်ပြုသည့်ကာလ)

(၁) လိုင်စင်ပါအချက်အလက်များသည် Invoice သို့မဟုတ် Sale Contract ပါ အချက်အလက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ၊

(၂) လိုင်စင်ပါ ဈေးနှုန်းသည် သင့်လျော်မှုရှိ မရှိ၊

(၃) သက်ဆိုင်ရာဌာနတစ်ခုခု၏ ထောက်ခံချက်လိုအပ်သော ကုန်စည်ဖြစ်ပါက ထောက်ခံချက်အား စိစစ်ခြင်း၊

( ဂ ) တင်သွင်းသည့် ကုန်ပစ္စည်းသည် Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုသည့် ကုန်စည်ဖြစ်ပြီး နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ(FESC) သို့ တင်ပြခွင့်ပြုချက်ရယူရသည့် ကုန်ပစ္စည်းများဖြစ်ပါက အောက်ဖော်ပြပါအချက်များကို စိစစ်ခွင့်ပြုရမည်-

(ကြာမြင့်ချိန်-လိုင်စင်အမှတ်စဉ်အဆင့်အလိုက် ခွင့်ပြုသည့်ကာလ)

(၁) လိုင်စင်ပါအချက်အလက်များသည် Invoice သို့မဟုတ် Sale Contract ပါ အချက်အလက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ၊

(၂) လိုင်စင်ပါ ဈေးနှုန်းသည် သင့်လျော်မှုရှိ မရှိ၊

(၃) သက်ဆိုင်ရာဌာနတစ်ခုခု၏ ထောက်ခံချက်လိုအပ်သော ကုန်စည်ဖြစ်ပါက ထောက်ခံချက်အား စိစစ်ခြင်း၊

(၄) သွင်းကုန်လိုင်စင်အွန်လိုင်းအမှတ်စဉ်အလိုက် စိစစ်၍ ပြည်ထောင်စုဝန်ကြီးရုံးမှတစ်ဆင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(၅) နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီ၊ အစည်းအဝေးဆုံးဖြတ်ချက်အရ သွင်းကုန်လိုင်စင် ခွင့်ပြုခြင်း။

**သွင်းကုန်တင်သွင်းခြင်းအတွက် အကောက်ခွန်ဦးစီးဌာနတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၁၄။ ပို့ကုန်သွင်းကုန်ကုမ္ပဏီသည် ရနောင်းမှ ရန်ကုန်သို့ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် သွင်းကုန်တင်သွင်းရာတွင် ကုမ္ပဏီ/ကုန်ပစ္စည်းပိုင်ရှင်/ကုန်ပစ္စည်းကိုယ်စားလှယ်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ပသွင်းကုန်တင်သွင်းခြင်းအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ကြိုတင်လျှောက်ထားရယူ၍ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါသည်-

(၁) တစ်ဘက်နိုင်ငံဆိပ်ကမ်းမှ ထွက်ခွာလာစဉ်ကြေညာခဲ့သော ကုန်တင်လွှာ (ယာဉ်ကုန်ပါစာရင်းချုပ်- Import Manifest) နှင့် ရေယာဉ်ထွက်ခွာခွင့်လက်မှတ်- Port Clearance Certificate၊

(၂) သွင်းကုန်လိုင်စင် (Import Licence)၊

(၃) သွင်းကုန်ကြေညာလွှာ (Import Declaration)၊

(၄) ကုန်တန်ဖိုးစာရင်း (Invoice)၊

(၅) ကုန်ထုပ်ပိုးမှုစာရင်း (Packing List)၊

(၆) အရောင်းအဝယ်စာချုပ် (Sale Contract)၊

(၇) ငွေလွှဲစာရွက်စာတမ်းအထောက်အထား၊

(၈) ပစ္စည်းအမျိုးအစားအလိုက် လိုအပ်သော သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ၊

(၉) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်နှင့် အခြားကုမ္ပဏီဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ၊

(၁၀) အကောက်ခွန်လျှော့နှုန်း ခံစားလိုပါက ပါရှိရမည့် ပင်ရင်းဒေသသက်သေခံလက်မှတ်များနှင့် အခြားပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ၊

(၁၁) ရေယာဉ်ကုန်စည်တာဝန်ခံမှ ထုတ်ပေးသော Bill of Entry။

( ခ ) သက်ဆိုင်ရာဌာနများမှ ကုန်ပစ္စည်းများအတွက် တရားဝင်ထုတ်ပေးသော အထောက်အထားများဖြစ်ကြောင်း တာဝန်ခံရမည်။

( ဂ ) ကုန်ပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာန/အသင်းအဖွဲ့များက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ကုန်သေတ္တာများအား X-Ray စစ်ဆေးမှုခံယူရန်လိုအပ်ပါက သတ်မှတ်ထားသော X-Ray စက် တည်ရှိသည့်ဆိပ်ကမ်းများသို့ သွားရောက်စစ်ဆေးမှုခံယူရမည်။

၁၅။ သက်ဆိုင်ရာမြို့နယ်အကောက်ခွန်ဦးစီးဌာန(OSS)(ရုံး)မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ခွင့်ပြုထားသောဆိပ်ကမ်းမှ တင်ပြလာသော (ယာဉ်ကုန်ပါစာရင်းချုပ် - Manifest) နှင့် ထွက်ခွာခဲ့သော ဆိပ်ကမ်းမှ ရေယာဉ်ထွက်ခွာခွင့်လက်မှတ်-Port Clearance Certificate ကို စစ်ဆေးရမည်၊

( ခ ) ရေယာဉ်ပါကုန်စာရင်းချုပ်နှင့်အတူ ပါရှိလာသော ကုန်သေတ္တာများအား Container Yard သို့ချရန်အတွက် သက်ဆိုင်ရာမြို့နယ်အကောက်ခွန်ဦးစီးဌာန (OSS)(ရုံး)မှ ကုန်ချ ခွင့်ပြုချက်ဖြင့် ကုန်သေတ္တာများချခွင့်ပြုရမည်၊

( ဂ ) ကုမ္ပဏီမှ ပူးတွဲတင်ပြလာသော စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ပါက Noting ပြုလုပ် ရမည်၊

(ဃ) Noting ဆောင်ရွက်ပြီးစီးပါက သွင်းကုန်ကြေညာလွှာအား ကုန်ပစ္စည်း အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန် (အကောက်ခွန်၊ ကုန်သွယ် လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ကြိုတင်ဝင်ငွေ ခွန်) စည်းကြပ်ကောက်ခံခြင်း နှင့် ID တွင် ကြေညာသည့် ကုန်သေတ္တာ အရေအတွက်အပေါ်မူတည်၍ Security Fees များ ကောက်ခံရမည်၊

( င ) စာရွက်စာတမ်းများ စစ်ဆေးပြီး၍ ကျသင့်အခွန်အခများ စည်းကြပ်ကောက်ခံပြီးသော သွင်းကုန်ကြေညာလွှာဖိုင်အား ချိတ်ပိတ်၍ ခွင့်ပြုထားသော ဆိပ်ကမ်းရှိ စစ်ဆေးရေး အဖွဲ့သို့ လွှဲပြောင်းပေးပို့ရမည်။

**နယ်စပ်ကုန်သွယ်မှုစစ်ဆေးကြီးကြပ်ရေးအဖွဲ့ (OSS)က စစ်ဆေးခြင်း**

၁၆။ ရန်ကုန်မြို့၌ ခွင့်ပြုထားသော ဆိပ်ကမ်းတွင် အကောက်ခွန်ပါဝင်သော စစ်ဆေးရေး အဖွဲ့ (OSS)မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကုန်ချခွင့်ပြုပြီး သင်္ဘောပေါ်မှ Container Yard သို့ ချသောကုန်သေတ္တာများကို ယာဉ်ပါ ကုန်စာရင်းချုပ်နှင့် တိုက်ဆိုင်စစ်ဆေးကြီးကြပ်ရမည်၊

(ခ ) သွင်းကုန်ကြေညာလွှာဖွင့်လှစ်ပြီးသော ကုန်သေတ္တာများအား သွင်းကုန်ကြေညာလွှာနှင့် အတူ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (က)ပါ စာရွက်စာတမ်း အထောက်အထားများနှင့် ကိုက်ညီ မှန်ကန်မှု ရှိ မရှိ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးရမည်၊

(ဂ ) သွင်းကုန်ကြေညာလွှာ၊ ကုန်တင်လွှာ (ယာဉ်ပါကုန်စာရင်းချုပ် - Manifest) ပါ ကုန်ပစ္စည်း နှင့် သက်ဆိုင်သည့် အထောက်အထားများ စိစစ်၍ မှန်ကန်ပါက ကုန်သေတ္တာအား Customs Import Metal Seal ခတ်နှိပ်၍ ထုတ်ယူခွင့်ပြုရမည်၊

(ဃ) ယာဉ်ပါကုန်စာရင်းချုပ်များအား စနစ်တကျ မှတ်တမ်းတင်စာရင်းရေးသွင်းရမည်၊

( င ) စစ်ဆေးရာ၌ သွင်းကုန်ကြေငြာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှန်ကန်မှု မရှိသော ကုန်ပစ္စည်းများအား အကောက်ခွန်ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

**သွင်းကုန်တင်ဆောင်မည့်သင်္ဘောလိုင်းများက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၁၇။ ကုန်ပစ္စည်းတင်ဆောင်လာမည့် သင်္ဘောလိုင်းများအနေဖြင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကုန်သေတ္တာသယ်ဆောင်ရန် ခွင့်ပြုချက်ရရှိထားသည့် ရေယာဉ်များဖြင့်သာ သယ်ဆောင်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရပါမည်-

(က) ကုန်တင်ပို့သူမှ Booking နှင့် Shipping Instruction အား စိစစ်လက်ခံခြင်း၊

( ခ ) ကုန်သေတ္တာအားရနောင်းဆိပ်ကမ်း၏ အကောက်ခွန်တာဝန်ရှိသူကစစ်ဆေး၍ Seal တံဆိပ်ခတ်နှိပ်ပြီးလျှင် သင်္ဘောလိုင်း၏ Seal တံဆိပ် ခတ်နှိပ်ခြင်း၊

( ဂ ) သင်္ဘောပေါ်သို့ ကုန်တင်ဆောင်မှု လုပ်ငန်းဆောင်ရွက်ပြီးသည်နှင့် Shipping Instruction နှင့် Mate Receipt တို့ကိုအခြေခံ၍ ကုန်တင်တန်ဆာ (Bill of Lading) ကို ပြုစုကာ ကုန်တင်ပို့သူထံ ထုတ်ပေးခြင်း၊

(ဃ) ကုန်တင်ပို့သူများအား ထုတ်ပေးထားသည့် Bill of Lading များနှင့်အညီ သင်္ဘော ကုန်ပါစာရင်း (Cargo Manifest) အားပြုစုခြင်း၊

( င ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနသို့ ကိုယ်စားလှယ် ခန့်အပ်ကြောင်း ၄၈ နာရီ ကြိုတင်၍ Email ဖြင့် အကြောင်းကြားခြင်း၊ (အဆိုပါ Email တွင် ကော့သောင်းဆိပ်ကမ်းသို့ ရောက်ရှိမည့်နေ့ရက်နှင့် အချိန်၊ တင်ဆောင်လာမည့် ကုန်သေတ္တာစာရင်းအား ပူးတွဲပေးပို့ရပါမည်)

( စ ) ကော့သောင်းဆိပ်ကမ်းတွင် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ၏ အစစ်အဆေးခံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) ရေယာဉ်မှူးသည် ရန်ကုန်မြစ်ဝသို့ သင်္ဘောရောက်ရှိမည့် အချိန်အား အတည်ပြုပြီးပါက ကိုယ်စားလှယ်လုပ်ငန်းဌာနသို့ Email ဖြင့် အကြောင်းကြားခြင်း၊ (Email နှင့် အတူ

သင်္ဘောနှင့် သင်္ဘောသားများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား ပူးတွဲပေးပို့ရမည်)

( ဇ ) သင်္ဘောကုန်ပါစာရင်း (Cargo Manifest)အား သင်္ဘောဆိုက်ကပ်ချိန်မတိုင်မီ ကိုယ်စားလှယ်လုပ်ငန်းဌာနသို့ Email ဖြင့် ပေးပို့ခြင်း၊

( ဈ ) တစ်ဖက်နိုင်ငံ ရနောင်းမြို့မှ တင်သွင်းလာသည့် ကုန်သေတ္တာများအား ပို့ကုန်/ သွင်းကုန်ဥပဒေအရ သတ်မှတ်ထားသည့် လိုင်စင်ပါမစ်ရရှိခြင်းမရှိသေးသော ကုန်ပစ္စည်းများ တင်သွင်းလာမှုမရှိစေရေး တာဝန်ယူခြင်း။

၁၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရပါမည်-

(က) သင်္ဘောလိုင်းမှကိုယ်စားလှယ်ခန့်အပ်ကြောင်း အကြောင်းကြားသည့် Email အား လက်ခံရရှိပါက သင်္ဘောအတွက်လိုအပ်သည့် ဆိပ်ကမ်းအသုံးစရိတ်အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်ထားသည့် (Tariff and Dues) နှင့်အညီ ခန့်မှန်းတွက်ချက်တောင်းခံခြင်းနှင့် ကော့သောင်းဆိပ်ကမ်းသို့ ရောက်ရှိမည့် နေ့ရက်နှင့် အချိန်၊ တင်ဆောင်လာသည့် ကုန်သေတ္တာစာရင်းတို့အား ကော့သောင်းဆိပ်ကမ်းသို့ ပေးပို့အကြောင်းကြားခြင်း၊ (email လက်ခံရရှိချိန်မှစ၍ ခန့်မှန်းကြာမြင့်ချိန် - ၁ နာရီ)

( ခ ) ရန်ကုန်မြစ်ဝသို့ ရောက်ရှိမည့် နေ့ရက်နှင့်အချိန်အား သင်္ဘောလိုင်းမှ email ဖြင့် ပေးပို့လာပါက သင်္ဘောနေရာချအစည်းအဝေးတွင် တင်ပြ၍ ရေကြောင်းပြရရှိရေး၊ အကောက်ခွန်ဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချ ဆိပ်ကမ်းတံတားအဖြစ် သတ်မှတ်ထားသည့် ကုန်သေတ္တာတင်ဆိပ်ကမ်း တံတားတစ်ခုခုတွင် ဆိုက်ကပ်ခွင့်ရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊ သင်္ဘောနှင့် သင်္ဘောသားများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများအား သက်ဆိုင်ရာဌာနများတွင် အစစ်ဆေးခံနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(email လက်ခံရရှိချိန်မှစ၍ ခန့်မှန်းကြာမြင့်ချိန်- ၁ ရက်)

( ဂ ) သင်္ဘောနေရာချအစည်းအဝေးမှ သင်္ဘောဆိုက်ကပ်မည့် ဆိပ်ကမ်းတံတားနှင့် ဆိုက်ကပ်မည့်နေ့ရက်နှင့်အချိန်တို့အား သတ်မှတ်ပြီးပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုဆိုင်ရာဆိပ်ကမ်း ကျန်းမာရေးဌာနများသို့ အကြောင်းကြားခြင်း၊ အကောက်ခွန်ဦးစီးဌာနသို့ ကုန်ပေါက်ဖွင့်ခွင့် (Break Bulk Order)၊ လုပ်ငန်းဆောင်ရွက်ခွင့် (General Working Order) ရရှိရေးနှင့် On Board အကောက်ခွန်အရာရှိ တာဝန်ချထားရေးတို့အတွက် လျှောက်ထားခြင်း၊

(သင်္ဘောနေရာချအစည်းအဝေးပြီးချိန်မှစ၍ ခန့်မှန်းကြာမြင့်ချိန်- ၁ ရက်)

(ဃ) သင်္ဘောလိုင်းမှ ပေးပို့လာသော သင်္ဘောကုန်ပါစာရင်း (Cargo Manifest) အား အကောက်ခွန်ဦးစီးဌာနသို့တင်ပြခြင်း၊ (ခန့်မှန်းကြာမြင့်ချိန် - ၂ နာရီ)

( င ) သင်္ဘောဆိုက်ကပ်ချိန်တွင် ရနောင်းဆိပ်ကမ်းရှိ အကောက်ခွန်တာဝန်ရှိသူမှ ထုတ်ပေးသည့် Port Clearance Certificate အား ရေယာဉ်မှူးထံမှရယူ၍ သက်ဆိုင်ရာဆိပ်ကမ်း အကောက်ခွန်ဆိပ်ကမ်းအရာရှိထံ အပ်နှံခြင်း၊

( စ ) သင်္ဘောကုန်ချလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ပေးခြင်း။

(အထက်စာပိုဒ်ခွဲ (က)(ခ)(ဂ)(ဃ) တို့သည် သင်္ဘောမဆိုက်ကပ်မီ ကြိုတင်ဆောင်ရွက်ထားနိုင်ပါသည်။)

**သွင်းကုန်တင်ဆောင်မည့်သင်္ဘောလိုင်းများက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၁၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှထုတ်ပေးသည့် MO (Movement Order)အရ ကျောက်ချရပ်နားသည့်နေရာ (Pilot Vessel) မှ ဝင်ရောက်လာသော ပင်လယ်ကူးကုန်တင်သင်္ဘောအား ဌာနဆိုင်ရာများပါဝင်သည့် အဖွဲ့ဖြင့် ရေယာဉ်မှူး(သို့မဟုတ်)၎င်းက တာဝန်ပေးအပ်ထားသော သင်္ဘောအရာရှိထံမှ သင်္ဘောသားစာရင်း (Crew List)၊ မြန်မာနိုင်ငံသားများအတွက် သင်္ဘောသား လက်မှတ်၊ (Continuous Discharge Certificate)၊ သင်္ဘောသားများ လစာပေးသည့်စာအုပ် (Ship Article)၊ နိုင်ငံကူးလက်မှတ် (Passport)များအား တောင်းခံ၍ အောက်ဖော်ပြပါအချက်များကို စစ်ဆေးရမည်-

(က) သင်္ဘောသားစာရင်း (Crew List) နှင့် ရေယာဉ်မှူးအပါအဝင် သင်္ဘောသားဦးရေ မှန်ကန်ကိုက်ညီမှု ရှိ မရှိ၊

( ခ ) ရေယာဉ်မှူးအပါအဝင် သင်္ဘောသားစာရင်းနှင့် သင်္ဘောသားလက်မှတ်၊ နိုင်ငံကူး လက်မှတ်များ ကိုက်ညီခြင်း ရှိ မရှိ၊

( ဂ ) သင်္ဘောပေါ်တွင် လက်မှတ်မဲ့သင်္ဘောခိုးစီးလာသူ(Stowaway) ပါရှိခြင်း ရှိ မရှိ နှင့် ခရီးသည် (Passenger) များ ပါရှိခြင်း ရှိ မရှိ၊

(ဃ) သင်္ဘောသားများ လစာထုတ်ပေးသည့်စာအုပ် (Ship Article) နှင့် သင်္ဘောသားစာရင်း (Crew List) တို့ မှန် မမှန်၊

( င ) ယင်းသို့စစ်ဆေးပြီးက ဖြည့်စွက်ထား ပြီးဖြစ်သော(Arrival Form နှင့်Declaration Form) များအား ရေယာဉ်မှူး (သို့မဟုတ်) ၎င်းမှတာဝန်လွှဲအပ်ထားသူအရာရှိမှ အပ်နှံစေရမည်။

**ပို့ကုန်၊သွင်းကုန်တင်ဆောင်သည့် သင်္ဘောအား ကော့သောင်းဆိပ်ကမ်းတွင် စစ်ဆေးခြင်း**

၂၀။ နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ထားသည့် ရန်ကုန် မြို့ရှိ ဆိပ်ကမ်းမှ ပို့ကုန်တင်ဆောင်သော သင်္ဘောသည်လည်းကောင်း၊ ရနောင်း ဆိပ်ကမ်းမှ သွင်းကုန် တင်ဆောင်သော သင်္ဘောသည်လည်းကောင်း ကော့သောင်းမြို့၊ သတ်မှတ်ဆိပ်ကမ်းတွင် ဆိုက်ကပ်၍ နယ်စပ်ကုန်သွယ်မှုစစ်ဆေးကြီးကြပ်ရေးအဖွဲ့ (OSS)က ရန်ကုန် OSS ၏ Seal တံဆိပ်ခတ်နှိပ်မှု သို့မဟုတ် ရနောင်းအကောက်ခွန်၏ Seal တံဆိပ်ခတ်နှိပ်မှု ပျက်ပြယ်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

၂၁။ တံဆိပ်ခတ်နှိပ်မှု ပျက်ပြယ်ခြင်း သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော ကွန်တိန်နာအား ထပ်မံ စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ခြင်း၊ Seal တံဆိပ်ခတ်နှိပ်ခြင်းတို့ကို အဖွဲ့ဝင်စုံညီ ရှေ့ မှောက်တွင် ဆောင်ရွက်ရမည်။

**သက်ဆိုင်ရာခွင့်ပြုဆိပ်ကမ်းမှ တာဝန်ယူလိုက်နာဆောင်ရွက်သွားရမည့် အချက်များ**

၂၂။ အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသော ပုဂ္ဂလိကဆိပ်ကမ်းများအနေဖြင့် အောက် ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ သတ်မှတ်ထားသော ရေယာဉ်ပါ ကုန် စာရင်းချုပ်(Manifest)တွင်ပါဝင်သည့် ကုန်သေတ္တာများသည် သက်ဆိုင်ရာဆိပ်ကမ်းတွင် ကုန်ချခွင့်ရရှိပြီး စစ်ဆေးမှုနှင့် အခွန်စည်းကြပ် ကောက်ခံမှုခံယူကာ ထုတ်ယူမှုပြုမည့် ကုန်သေတ္တာများမှလွဲ၍ ဆိပ်ကမ်း ဧရိယာပြင်ပသို့ အခြားကုန်သေတ္တာ၊ ကုန်ပစ္စည်းများ မရောက်ရှိစေရေး တာဝန်ယူရမည်၊

( ခ ) Container Yard များအတွင်းရှိ ကုန်သေတ္တာများ လုံခြုံရေးနှင့် ပျောက်ဆုံးပျက်စီးမှု မရှိ စေရေး တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရမည်။

**အထွေထွေ**

၂၃။ သက်ဆိုင်ရာကုမ္ပဏီ/ကုန်ပစ္စည်းပိုင်ရှင်/ကုန်ပစ္စည်း ကိုယ်စားလှယ်များမှ စာရွက်စာတမ်း အထောက်အထားများအား တင်ပို့ခြင်းအတွက် ကုန်ပစ္စည်းများ ခွင့်ပြုဆိပ်ကမ်းသို့ မရောက်မီကာလ တွင်လည်းကောင်း၊ တင်သွင်းခြင်းအတွက် ကုန်သေတ္တာသင်္ဘောများ ရန်ကုန်မြို့သို့ မရောက်မီကာလ တွင်လည်းကောင်း ကြိုတင်ရယူထားရမည်ဖြစ်သည်။

၂၄။ တင်သွင်း/တင်ပို့မှုဆိုင်ရာ လုပ်ငန်းစဉ်များအား သီးခြားဆောင်ရွက်ရသော ကိစ္စဖြစ်၍ MACCS စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် Manual စနစ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၅။ ဆိပ်ကမ်းသို့ရောက်ရှိပြီး ရက် ၆၀ ကျော် ကုန်သေတ္တာများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဥပဒေ၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်။

၂၆။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းအနေဖြင့် ၎င်းတို့ပိုင်သင်္ဘောများအတွက် သင်္ဘောကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်ခွင့်အား ခွင့်ပြုချက်ရရှိထားသဖြင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ သင်္ဘောများကို အသုံးပြုမည်ဆိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား အဆိုပါသင်္ဘောလိုင်း၏ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

၂၇။ သင်္ဘောလိုင်းများသည် ပင်လယ်ကူးသင်္ဘော ကမ်းဆင်းခွင့်လက်မှတ်၊ ဆိုက်ရောက်ဗီဇာ၊ သင်္ဘောသားအဖြစ် တက်ခွင့်/ ဆင်းခွင့်( Sign On/Sign Off) များနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၈။ ရန်ကုန်-ကော့သောင်း- ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန် နယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသော သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။

၂၉။ နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade Method) ဖြင့် (ရန်ကုန်-ကော့သောင်း-ရနောင်း) နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်) သို့ ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်ကို လိုအပ်ပါက ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်သည်။